# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး

# စတုတ္ထနေ့ မှတ်တမ်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

( ၂၀၁၁ ခုနှစ်၊ မတ်လ ၄ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၊ စတုတ္ထနေ့ အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး၊ လွှတ်တော် ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြ န်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ စတုတ⊡ထနေ့ အစီအစဉ်ကို စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့် ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃) ဦး ရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၂၂၂) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့ (၉၉.၅၅) ရာခိုင်နှုန်း ရှိပြီး တက်ရောက်တဲ့ ကိုယ် စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀နဲ့ နည်းဥပဒေ၁၅၊ နည်းဥပဒေခွဲ (က) နဲ့ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်း နဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ ( သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်အမျိုးသား လွှတ်တော်ပုံမှန် အစည်းအဝေးရဲ့ စတုတ္ထ နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ဂ) ၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန် ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်းခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့ ခွင့်ပန်ကြားသူမရှိပါ။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ဒီကနေ့ ပထမအကြိမ်အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေး စတုတ⊞ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး၊ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်း ဥပဒေ ၄ ၊ နည်းဥပ ဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသား လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီတွင် ကော်မတီဝင် အစားထိုးတာဝန်ပေးအပ်ခြင်း

**အချိန်။ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား ။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပု ဒ်မ ၂၁ အရ အပ်နှင်းထားသော လုပ်ပို င်ခွင့်ကို ကျင့်သုံး၍ ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ထားသော ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ချိုနွယ်ဦးသည် မွေးဖွားစဉ်က ဖခင် ဖြစ်သူမှာ နိုင်ငံသားမဟုတ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကြောင်းကြားလာပါသဖြင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁(စ)အရ ဒေါ်ချိုနွယ်ဦးသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိတော့ပါသဖြင့် ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ထားသော ဒေါ်ချိုနွယ်ဦးအစား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈) မှ ဦးခင်မောင်လေးကို အစားထိုးတာဝန်ပေးမှာဖြစ်ပါတယ်။

ယခုလိုအစားထိုးရွေးချယ်ခြင်းကိုလွှတ်တော်က သဘောတူပါသလား ခင်ဗျား ။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

# လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား ။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁ အရ လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရေးနဲ့ စပ်လျဉ်းပြီးရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃နဲ့၅၄တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို(၁၅)ဦးထက်မပိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းရမှာဖြစ်ပြီး ကော်မတီမှာပါဝင်သင့်တဲ့အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ်ပါဝင်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မယ့် ကော်မတီ ဥက္ကဋ္ဌ နဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက် ရယူ ဖွဲ့စည်းရမှာဖြစ်ပါတယ် ။

ဖွဲ့စည်းခြင်းနှင့်တစ်ဆက်တည်းမှာပဲ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နဲ့ နည်းဥပဒေ ၃၄ အရ ကော်မတီရဲ့ အဖွဲ့ဝင်ဦးရေ ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းများကိုလည်း လွှတ်တော်က သတ်မှတ်ပေးရန် ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်၊လွှတ်တော်အခွင့်အရေးကော်မတီကို အဖွဲ့ဝင်(၁၅)ဦးနဲ့ ဖွဲ့စည်းရန် လျာထားပါတယ်။ ကော်မတီဝင်များရဲ့ သက်တမ်းတစ်နှစ် ပြည့် မြောက်တဲ့အခါမှာ ပြန်လည် သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး လွှတ်တော်က သတ်မှတ်ပေးမယ့် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများနဲ့ စပ်လျဉ်းပြီး အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

## လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း

**အချိန်။ ၁၀း၁၁။**

**ဒုတိယဥက္ကဋ္ဌ။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ အမျိုးသားလွှတ် တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီးတော့ ဒီနေ့ဖွဲ့စည်းမယ့် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တွေကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ၊ လွှတ်တော် အခွင့်အရေးကော်မတီကို အမျိုးသားလွှတ်တော်ဥပဒေပုဒ်မ ၂၁အရဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်သွားတဲ့ ရည်ရွယ်ချက်ကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေရဲ့ နည်းဥပဒေများ၏ နည်းဥပဒေ ၅၈ မှာ အခွင့်အရေးတွေ ဖောက်ဖျက်ကျူးလွန်ခြင်း ခံရတယ် ဆိုရင် ဒါကို စိစစ်ဆောင်ရွက်ပေးဖို့ဖွဲ့စည်းထားတဲ့ကော်မတီတစ်ရပ်ဖြစ်ပါတယ်။ အဲဒီကော်မတီကို အမျိုးသားလွှတ်တော် ကော်မတီဥက္ကဋ္ဌကြီးက ရှင်းလင်းတင်ပြတဲ့ အထဲမှာလည်း ပါပြီး ပါပြီ။ သက်တမ်း တစ်နှစ်ပြည့်တဲ့ အခါမှာ ပြန်လည်သုံးသပ်ပြီးတော့လိုအပ်သလိုသင့်လျော်သလို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် လဲလှယ်အစားထိုးတာဝန် ပေးအပ်သွားမှာ ဖြစ်ပါတယ်။

ကော်မတီရဲ့တာဝန်တွေကတော့ ကော်မတီဟာ (က) မိမိထံ လွှဲအပ်သော ကိစ္စ အသီးသီးကို အောက်ပါအတိုင်း စုံလင်စွာ စစ်ဆေးပြီးတော့ ဆောင်ရွက် ရမှာဖြစ်ပါတယ် ကော်မတီကို လွှဲ အပ်တဲ့ ကိစ္စများနှင့်စပ်လျဉ်းတဲ့ အချက်များကို အခြေပြုပြီးတော့အမျိုးသား လွှတ်တော်ရဲ့ အခွင့်အရေးကို ဖောက်ဖျက်ရာ ရောက် /မရောက် စဉ်း စားဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။မည်သို့သောကိစ္စ ၊ မည်သို့သော အချက်များမှ စတင်၍ အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပေါ်လာရကြောင်း မည်သို့မည်ပုံ ဖောက်ဖျက် ကြောင်းကို ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ယင်းကိစ္စနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်က မည်ကဲ့သို့ အရေးယူသင့်ကြောင်းကို အမျိုးသားလွှတ်တော်သို့အခွင့်အရေးကော်မတီကအစီရင်ခံစာတင်ပြရမှာဖြစ်ပါတယ်။ အပိုဒ်ခွဲ(က) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲနဲ့ အစီရင်ခံစာမှာ ဖော်ပြပါရှိရမယ့် အကြံပေးချက် များကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်ကမည်သည့် နည်းလမ်းများ ကို ကျင့်သုံးသင့် ကြောင်း အစီရင်ခံစာမှာလည်း အကြံပြုဖော်ပြရမှာ ဖြစ်ပါတယ် ။ အမျိုးသား လွှတ်တော် ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာလွှတ်တော် များနဲ့ ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက အမျိုးသားလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိပါတယ် ။

သာမန်အားဖြင့် အပိုဒ် ၃ ပါ တာဝန်များကို ကော်မတီက စိစစ်တဲ့အခါမှာ (က)ကော်မတီတွင်အဆို တင်သွင်းခြင်း ၊ အကြံပြုချက်တင်သွင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ ထောက်ခံသူ မလိုပါ။ (ခ)ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်းပြီးတော့ တစ် ကြိမ်ထက် ပိုပြီး ဆွေးနွေးခွင့်ရှိပါတယ်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ၏ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း ၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း ပြင်ပသို့ လုံးဝပေါက်ကြားခြင်း မရှိစေရပါ။ ကော်မတီအစည်းအဝေးမှတ်တမ်း များတွင် ဆွေးနွေးချက် အားလုံးကို အသေးစိတ်မှတ်တမ်းတင်ပြီးတော့ ကော်မတီက အတည်ပြု ထားရမှာဖြစ်ပါတယ်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်း မပြုရ ပါ။ အမျိုးသား လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမှာဖြစ်ပါတယ်။

ကော်မတီရဲ့ လုပ်ပိုင်ခွင့်များ။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၆၁ ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင့်သုံးရမှာဖြစ်ပါတယ် ။ (က)ကော်မတီ၏ အစီ ရင်ခံစာကိုကော်မတီဥက္ကဋ္ဌ ၊ ကော်မတီဥက္ကဋ္ဌ မရှိလျှင် ကော်မတီရဲ့ အတွင်းရေးမှူး၊ ကော်မတီရဲ့ အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်း အမျိုးသားလွှတ်တော်သို့ တင်ပြရမှာ ဖြစ်ပါတယ်။ (ခ)ကော်မတီကို လွှဲအပ်တဲ့ အခွင့်အရေးကိစ္စတစ်ရပ်ကို စဉ်းစားဆုံး ဖြတ်ရန် ကော်မတီက အခါအားလျော်စွာ စုစည်း ၍ အစီရင်ခံစာများကို သတ်မှတ်သည့်နေ့တွင် အမျိုးသားလွှတ်တော်သို့တင်ပြရမှာဖြစ်ပါတယ်၊အမျိုးသားလွှတ်တော်က အစီရင်ခံစာ သတ်မှတ်ပေးရမယ့်နေ့ရက် သတ်မှတ်ခြင်း မပြုလျှင် အမျိုးသားလွှတ်တော်က မိမိထံအခွင့်အရေးတစ်ရပ် လွှဲအပ်သည့်နေ့မှစ၍ တစ်လအတွင်း အမျိုးသားလွှတ်တော်ကို ပြန်လည်၍ အစီရင်ခံစာ တင်ပြရမှာဖြစ်ပါတယ်။ (ဂ)ကော်မတီဝင်များဟာ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ် ရေးထိုးရပါမယ်။သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘော ထားကွဲလွဲချက် များ ရှိပါက ထိုခြွင်းချက် ထိုသဘော ထားကွဲလွဲချက်များကို ရေး သား ဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင် ပါတယ်။ (ဃ) ကော်မတီသည် သတ်မှတ်ရက်အတွင်းမှာ အစီရင်ခံစာကို မတင်ပြနိုင်လျှင် ကြားဖြတ်အစီရင်ခံစာ တစ်ခုကို တင်ပြရမှာ ဖြစ်ပါတယ်။

ကော်မတီဟာ မိမိလုပ်ငန်းဝတ္တရားကို ဆောင်ရွက်တဲ့အခါမှာ (က) လိုအပ်တဲ့ ပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ စုံစမ်းမေး မြန်းနိုင်ပါတယ်။စာရွက် စာတမ်းများ ၊ မှတ်တမ်းများကိုလည်း ဖော်ပြစေရန် ဆင့်ခေါ်နိုင်ပါတယ်၊ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏သက်သေထွက်ချက်သို့တည်းမဟုတ် စာရွက်စာတမ်းများ၊မှတ်တမ်းများသည် ကော်မတီ၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် သက်ဆိုင်သည် /မသက်ဆိုင်သည် ပြဿနာ ပေါ်ပေါက်လာပါက အဆိုပါ ပြဿနာကို အဆုံးအဖြတ်ပေးနိုင်ရန် ကော်မတီ ဥက္ကဋ္ဌက အမျိုးသား လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ပါတယ်။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ က ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်စေရမှာဖြစ်ပါတယ်၊ သို့ရာတွင် နိုင်ငံတော် လုံခြုံရေး ၊ နိုင်ငံတော်၏ အကျိုးကို ထိခိုက်နစ်နာ ဖွယ်ရာရှိသည်ဟူသော အကြောင်း ပြချက်ဖြင့် ပြည်ထောင်စုအစိုးရက စာရွက်စာတမ်း ၊ မှ တ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ် ဖော်ပြောဆို တင်ပြရန် ငြင်းဆိုနိုင်ပါတယ် ။(ခ)ကော်မတီရှေ့၌ သက်သေခံရန်ဖြစ်စေ ၊ စာရွက်စာတမ်း ၊ မှတ်တမ်းများ တင်ပြရန်ဖြစ်စေ လိုအပ်တဲ့အခါမှာ

သက်ဆိုင်သူအား စာဖြင့် ဆင့်ဆိုရပါမယ်။ ကော်မတီ၏ရှေ့မှာ ထွက်ဆိုသော သက်သေ ထွက်ချက် သို့မဟုတ် သက်သေခံတင်ပြသော စာရွက်စာတမ်း ၊ မှတ်တမ်း များကို လျှို့ဝှက်သင့် / မသင့် ကော်မတီက ဆုံးဖြတ်နိုင်ပါတယ် ။ (ဂ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်အား ဖိတ်ကြား၍မေးမြန်းဆွေးနွေးနိုင်ခွင့်ရှိပါတယ် ။

ကော်မတီအစည်းအဝေးများမှာ အကြံဉာဏ်များ ရယူနိုင်ရန်အတွက် ပြည်ထောင်စု ရှေ့နေချုပ်ကို ဖိတ်ကြားတက်ရော က်စေရမှာ ဖြစ်ပါ တယ်။ (က)ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌကသော်လည်းကောင်း ၊ ကော်မတီ ဥက္ကဋ္ဌမရှိလျှင်ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း ကော်မတီဥက္ကဋ္ဌ နှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင် တစ်ဦးဦးကသော်လည်းကောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့တွင် အစီရင်ခံစာကို စဉ်းစားဆွေးနွေးရန် အဆိုတင်သွင်းရမှာဖြစ်ပါတယ်။ အပိုဒ်ခွဲ (က)ပါ တင်သွင်းသောအဆိုကို အမျိုးသားလွှတ်တော်က စဉ်းစားဆွေးနွေးပြီးတဲ့အခါမှာ ယင်းအဆို တင်သွင်းသူကပင် အစီရင်ခံစာကို အမျိုးသားလွှတ်တော်က လက်ခံအတည်ပြုနိုင်ရန် အဆိုတင်သွင်းရမှာ ဖြစ်ပါတယ်။

ကော်မတီဝင်များက(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် အမျိုးသားလွှတ်တော်ဆို င်ရာ ဥပဒေများပါ ပြဋ္ဌာ န်းချက်များကို မဆန့်ကျင် လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိပါတယ်။ (ခ) အမျိုးသားလွှတ်တော်၏ လွှတ်တော်ကော်မတီတွင် အများဆုံးနှစ်ခုထိ ပါဝင်ဆောင်ရွက် နိုင်ခွင့် ရှိပါတယ်။ (ဂ)ကော်မတီဝင် အဖြစ်မှ နု တ်ထွက်ခွင့်ပြုရန်ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိပါတယ်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ကတော့ ကော်မတီဝင်များ သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ ကော်မတီ ရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း ၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေများပါရပိုင်ခွင့်များကို

ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ကသတ်မှတ်သည့် ရပိုင်ခွင့် များ ကိုလည်း ခံစားခွင့်ရှိပါတယ်။

ကော်မတီဝင်များက (က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေး ချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေများအရ အရေး ယူခံ ရခြင်း မှ ကင်းလွ တ်ခွင့်ရှိပါတယ်။(ခ) ကော်မတီအစည်းအဝေး တက်ရောက် နေစဉ် အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း အကြီးအမှူးမှတဆင့်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိပါတယ်။ (ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီး ခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

## လွှတ်တော်အခွင့်အရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်းရန် အစည်းအဝေးခေတ္တရပ်နားခြင်း

**အချိန်။ ၁ဝး၂၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား ။ မကြာမီမှာ အစည်းအဝေး ခေတ္တရပ်နားပြီး ကော်မတီဝင်အဖြစ်လျာထားတဲ့ လွှတ်တော် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးမှာ ဖြစ်ပါတယ်။ လွှတ်တော် အစည်းအဝေးကို နံနက် ၁၁းဝဝ နာရီမှာ ပြန်လည် ကျင်းပမှာဖြစ်ပါတယ်။ ယခု ရပ်နားခြင်း မပြုမီ ဒီကနေ့ပြုစုဖြန့်ဝေထားသည့် ၂ဝ၁ဝပြည့်နှစ် ဒီဇင်ဘာလအထိ ပြဋ္ဌာန်း၊ ရုပ်သိမ်း တည်ဆဲဥပ ဒေများ စာရင်းချုပ်နဲ့ ပတ်သက်ပြီး တော့ အနည်းငယ် ရှင်းလင်းတင်ပြပါမယ်။ ဒွိ ဟ သံ သယဖြစ်မှာ စိုးတဲ့အတွက် ဖြစ်ပါတယ် ။ ဒါကိုပြုစုပေးရခြင်းကတော့ လွှတ်တော်ကိုယ်စားလှယ်များကို အခြားတစ်ပါး ပုဂ္ဂိုလ်တွေက မေးလာရင် ဖြေနိုင်အောင် စာမျက်နှာ ၂ ကို ကြည့်လို က်ရင် ပေါင်းချုပ်ကို တွေ့ ပါလိမ့်မယ်။ ဒီကနေ့အထိ ပြဋ္ဌာန်းထားပြီး ဥပဒေ ၁၃၂၉ ရှိပါတယ် ။ ရုပ်သိမ်းပြီး ဥပဒေ ၅၁ဝ ရှိပါတယ် ။ တည်ဆဲဥပဒေ ၈၁၉ ရှိပါတယ် ။ အဲ ဒီ ၈၁၉ ထဲမှာ ပြင်ဆင်ချက်ဥပဒေ ၂၅၃ ခု ပါဝင်ပါတယ် ။ မူရင်းဥပဒေ ၅၆၆ ခု ဖြစ်ပါတယ် ။ ၅၆၆ ခုထဲမှာ ဆက်လက်ကျင့်သုံးရန် မလိုသော်လည်း တည်ဆဲဥပဒေ၁၇၆ ခု ရှိပါတယ် ။ ယနေ့ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းနဲ့ဝန်ကြီးဌာနများ က

စီမံခန့်ခွဲဆောင်ရွက် လိုက်နာ ကျင့်သုံး နေတဲ့ ဥပဒေ ၃၉၀ ရှိပါတယ်။ ၃၉၀ နဲ့ ၁၇၆ ပေါင်းလိုက်ရင် ၅၆၆ ဖြစ်ပါတယ်။ ဒီနေရာမှာ ၂၅၃ ခု ဘယ်ရောက်သွားလည်းလို့ မေးစရာရှိပါတယ်။ ၂၅၃ ခုဟာ ပြင်ဆင်ချက် ဥပဒေ ဖြစ်ပါတယ်။ ဥပဒေအနေနဲ့ လက်မှတ် ရေးထိုးပြီး ထုတ်ပြန်တဲ့အတွက် အရေအတွက်အားဖြင့် ၂၅၃ ခု ဖြစ်ပေါ်နေသော်လည်း ၅၆၆ ခုဆိုတဲ့ မူရင်းဥပဒေတွေနဲ့ပေါင်းပြီးတော့ လိုက်နာကျင့်သုံး ရတာဖြစ်သည့်အတွက် ဒီ ၂၅၃ ခုကို တကယ်လက်တွေ့ကျင့်သုံးတဲ့အခါ မှာ ထည့်သွင်းရေတွက်ခြင်းမပြုပါဘူး။ ဒါလေး ရှင်းအောင် ရှင်းပြခြင်း ဖြစ်ပါတယ်။ ယခု အမျိုးသား လွှတ်တော်အစည်းအဝေးကို ၁၁း၀၀ နာရီထိ ရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး၊** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး၊** ။ ကိုယ်စားလှယ်ကြီးများ ထိုင်နိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား ။

ယခု ကျွန်တော် တင်ပြမယ့် ကိုယ်စားလှယ်ကြီးများဟာ တင်ပြပြီးတဲ့အခါမှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ရုံးခန်းကို ကြွရောက်ကြဖို့ ဖြစ်ပါတယ် ။

(၁) ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်။

(၂) ဦးဂျေယောဝူ၊ ကချင်ပြည်နယ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁၂)။

(၃) ဦးဘိုးရယ်၊ ကယားပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၃)။

(၄) ဦးစောတော်ပလဲ၊ကရင်ပြည်နယ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၇)။

(၅) ဦးဌေးယိန်း၊ ချင်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)။

(၆) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၅)။

(၇) ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၁၂)။

(၈) ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး အမျိုးသား လွှတ်တော် မဲဆန္ဒနယ် အမှတ် (၃)။

(၉) ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၄)။

(၁၀) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)။

(၁၁) ဦးဝင်းမောင်၊မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)။

(၁၂) ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)။

(၁၃) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁၀)။

(၁၄) ဦးကျော်ကျော်၊ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)။

(၁၅) ဦးနေဝင်းထွန်း၊ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၉)။

ခုကျွန်တော် ကြေညာတဲ့ ကိုယ်စားလှယ်ကြီးများအမျိုးသားလွှတ်တော်ဥက္ကဋ္ဌရုံးခန်းကို သွားရောက်ကြဖို့ ဖြစ်ပါတယ်ခင်ဗျား ။ ကိုယ်စားလှယ်ကြီး များ ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

**အချိန်၊ ၁၀း၃၀။**

[အမျိုးသားလွှတ်တော်ကိုမှန်အစည်းအဝေးကို ၁၀း၃၀နာရီအချိန်တွင်ရပ်နားပြီး၁၁း၀၀နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# လွှတ်တော်အခွင့်အရေး ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအမည်စာရင်းတင်ပြခြင်း

**အချိန်။ ၁၁း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား ။ ယခု အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ၊ နည်းဥ ပဒေ ၃၃ နဲ့ ၅၄ တို့အရ လွှ တ်တော် အခွင့်အရေး ကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် လွှတ်တော် အခွင့်အရေး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်း ကို လွှတ်တော်သို့ တင်ပြပါ့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်အခွင့်အရေးကော်မတီကို အဖွဲ့ဝင် (၁၅)ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပါတယ်။ အဖွဲ့ဝင်များ ရဲ့ အမည်စာရင်းကတော့ -

(၁) ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်။

(၂) ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။

(၃) ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)။

(၄) ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)။

(၅) ဦးဝှေ့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)။

(၆) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)။

(၇) ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)။

(၈) ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)။

(၉) ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)။

(၁၀) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။

(၁၁) ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။

(၁၂) ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။

(၁၃) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။

(၁၄) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)။

(၁၅) ဦးနေဝင်းထွန်း၊ ၊ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉) တို့ ဖြစ်ပါတယ်။

လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌအဖြစ် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအားလည်းကောင်း၊ အတွင်း ရေးမှူးအဖြစ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ငြိမ်းအားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့ စည်းသွားမည် ဖြစ်ကြောင်း တင်ပြပါတယ် ။

## လွှတ်တော်အခွင့်အရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကို လည်းကောင်း ၊ လွှတ်တော် အခွင့်အရေးကော်မတီ၏ တာဝန်၊လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း အမျိုးသားလွှတ်တော်၏အတည်ပြုချက်ရယူခြင်းနှင့်လွှတ်တော်အခွင့်အရေး ကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော် အခွင့်အရေးကော်မတီမှာ ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို တင်ပြလို့ ပြီးပါပြီ။ လွှတ်တော် အခွင့်အရေး ကော်မတီဖွဲ့ စည်းရန် တင်ပြချက်ကိုလည်းကောင်း ၊ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တာဝန် လုပ်ပိုင်ခွင့် ၊ ရပိုင်ခွင့်များနဲ့စပ်လျဉ်းသည့် တင်ပြချက်ကိုလည်းကောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော်အခွင့်အရေး ကော်မတီမှာဥက္ကဋ္ဌအဖြစ် ဦးမြညိမ်းအားလည်းကောင်း၊ အတွင်းရေး မှူးအဖြစ် ဦးအောင်ငြိမ်းအား လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးဂျေယောဂူ၊ ဦးဘိုးရယ် ၊ဦးစောတော်ပလဲ ၊ဦးဌေးယိန်း၊ ဦးနိုင်ထွန်းအုံ၊ ဦးမြတ်ကိုဦးတင်မောင်မြင့်၊ ဦးရဲမြင့်ဦးဝင်းမောင်၊ ဦးညွန့်တင်၊ ဦးနု၊ ဦးကျော်ကျော်၊ ဦးနောင်းထွန်း တို့နဲ့ ဖွဲ့စည်းကြောင်းနှင့် လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့နဲ့ စပ်လျဉ်းသည့် တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)*

## အမျိုးသားလွှတ်တော်အစည်းအဝေးစတုတ္ထနေ့ရပ်နားခြင်းနှင့် အစည်းအဝေး ပဉ္စမနေ့ကျင်းပမည့် နေ့ရက်သတ်မှတ်ခြင်း

**အချိန်။ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား ။ ယခု အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကိုရပ်နားပါမယ်။ အမျိုး သားလွှတ်တော် ပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ၂၀၁၁ ခုနှစ် မတ်လ ၇ ရက် (တနင်္လာနေ့) ၁၀း၀၀နာရီ အချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ် ။( သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးစတုတ္ထနေ့ အစည်းအဝေးကို၁၁း၁၀ နာရီ အချိန်တွင် ရပ်နားပါသည်။]